ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**National Community Driven Development Project**
**လူထုဗဟိုပြုစီမံကိန်း၊ လှိုင်းဘွဲ့မြို့နယ်**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်




# ကြက်တူရွေးကျေးရွာအုပ်စု
# ကော့ကြားမကော်ကျေးရွာ

လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ် ၂၀၁၉


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | လိုင်းဘွဲမြို့နယ်အခြေပြမြေပုံ .................................................................................. | ၁ |
| ၂။ | ကျေးရွာမြေပုံ (တည်နေရာ) ...................................................................................... | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း .................................................................. | ၃ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) ............................ | ၄ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း<br>လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ...................................... | ၆ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools<br>တစ်ခုချင်းစီအတွက် သုံးသတ်ချက်များ | |
| | ၁။ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map) ................................ | ၇ |
| | ၂။ ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander) ................................................ | ၉ |
| | ၃။ ဉစ္စာခနေကြွယ်ဝမှုပြဇယား (Wealth Ranking) .......................................... | ၁၁ |
| | ၄။ ကျားမ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web) ............................................ | ၁၃ |
| | ၅။ အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping) ................................ | ၁၅ |
| | ၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram).................................. | ၁၈ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း .... | ၂၁ |
| ၈။ | ကျေးရွာအချက်အလက်များ(PC 1) .......................................................................... | ၂၃ |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(PC 2) ...................................................................... | ၂၇ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3) ........................................................... | ၂၈ |
| ၁၁။ | အစည်းဝေးမှတ်တမ်းများ ........................................................................... | ၃၀ |
| ၁၂။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ...................................................... | ၃၂ |

## ၁။ လှိုင်းဘွဲ့မြို့နယ်အခြေပြမြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)



လှိုင်းတွဲမြို့နယ် ၊ ပိုင်ကျုံမြို့ ၊ ကြက်တူရွေးကျေးရွာအုပ်စုမြေပုံ
N
မဲပရကျေးရွာအုပ်စု
ဘုရားကုန်း
ကြက်တူရွေး
ပေါက်လောက်
ကျေးရွာ
အုပ်စု
ထီးဖိုးခွီး
ကော့တကြား
ကွန်းစု
ထီးဖိုးကိန်ကျေးရွာအုပ်စု
ရည် ညွှန်း ချက်
မြို့နယ် နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
ကျေးရွာအုပ်စု/ကျေးရွာ
မြစ်/ချောင်း
ကားလမ်း/လှည်းလမ်း

## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၁။ ဘုရားကုန်း

၂။ ကော့ကြားမကော်

၃။ ကျောင်းစု

၄။ ကော့ကြား

၅။ ထီးဖိုးခီ

၆။ ကမား

၇။ တပိုးထို

၈။ တကုတို

၉။ ငှက်ပျောတော

၁၀။ ကျွန်းစု

၁၁။ ဝါးဆူးကလာ

၁၂။ ယာခလုံးနိုင်

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

### ၁။ ကျေးရွာနောက်ခံသမိုင်း

ကော့ကြားမကော်ကျေးရွာသည် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ပိုင်ကျုံမြို့နယ်(ခွဲ)၊ ကြက်တူရွေး ကျေးရွာအုပ်စု(၁၂)ရွာထဲမှတစ်ရွာဖြစ်သည်။ ကျေးရွာ၏ အရှေ့ဘက်၌စိမ်းလန်းစိုပြည်စွာနှင့် သဘာဝအလှ တရားများပြည့်စုံစွာတည်ရှိနေသည့် ဒေါနတောင်တန်း၏အရိပ်အောက်တွင်တည်ရှိကာ ထီလုံ–နဘူး–ကော့က ရိတ်အာရှလမ်းမကြီးဖြတ်သွားသည့်ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင်ကော့ကြားမကော်စု၊ ထိမုန့်စု၊ ကိုဟိုင့်စုနှင့်ကိုပုံးလုံးစုဟူ၍အစု(၄)စုဖြင့်ပေါင်းစပ်ကာ ဖွဲ့စည်းထားသောကျေးရွာတစ်ရွာဖြစ်သည်။ ကျေးရွာ တွင် အိမ်ခြေ–(၅၇)၊ အိမ်ထောင်စု–(၅၇)၊ လူဦးရေ ကျား–(၁၃၅)+မ–(၁၄၃)=၂၇၈–ဦးရှိပါသည်။ သက်ကြီး ရွယ်အို(၆၅)နှစ်နှင့်အထက်(၂၄)ဦးရှိကာ၊ မသန်စွမ်း(၃)ဦးနှင့်အမျိုးသမီးဦးစီး အိမ်ထောင်စု(၁၃)စုရှိပါသည်။ တစ်ရွာလုံးပိုးကရင်လူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

ကော့ကြားမကော်ကျေးရွာသည် ရှေးလူကြီးများ၏အဆိုအရ လွန်ခဲ့သောနှစ်ပေါင်း(၂၀၀)ကျော်ခန့် ကတည်းကတည်ရှိခဲ့ပြီးဖြစ်ကာ ဦးစွာရှမ်းနှင့်မွန်လူမျိုးများနေထိုင်ခဲ့ပါသည်။ ၎င်းတို့တည်ထားကိုးကွယ် ခဲ့သော ဘုရားစေတီများလည်း ယခုလက်ရှိတိုင်အောင် တွေ့မြင်နိုင်ပါသေးသည်။ ကျေးရွာနာမည်သည် လည်း ၎င်းတို့ဘာသာစကားမှစတင်လာခြင်းဖြစ်ကာ မည်သည့်အဓိပ္ပာယ်ရှိမှန်းနားမလည်မသိရှိကြောင်း ရှေးမိလူကြီးများတစ်ဆင့်စကားမှ သိရှိခဲ့ရပါသည်။ အင်္ဂလိပ်နှင့်ဂျပန်အုပ်ချုပ်စဉ်ကာလများတွင်လည်း ကျေးရွာတွင်တိုက်ပွဲဒဏ်အပြင်းအထန်ခံစားသေးကြောင်း နောက်ဆုံးဖက်ဆစ်ဂျပန်တော်လှန်ရေးတိုက်ပွဲ အကြောင်းမိသူများပြောပြချက်အရသိရှိခဲ့ရသည်။ နောက်ဆုံးဖက်ဆစ်ဂျပန်တိုက်ပွဲတွင်ကျရှုံးပြီး လူပြန်ဝင် စားသည်ဟုပြောသည့် ဘိုးဂျပန်(ခေါ်)ဖုဂျာပန် ဆိုသည့်အဘိုးကြီးသည်လည်း ယခုထိသက်ရှိထင်ရှား ရှိနေသေးသည်။ တော်လှန်ရေးပြီးစီး၍လွတ်လပ်ရေးရပြီးနောက် ဖြတ်လေးဖြတ်နှင့်(၈၈)အရေးအခင်းတိုက်ပွဲ များလည်း ကျေးရွာတွင်စစ်ဘေးဒဏ်အပြင်းအထန်ခံစားရသည်။

ကော့ကြားမကော်ကျေးရွာသည် ဖြတ်လေးဖြတ်နှင့်(၈၈)အရေးအခင်းတိုက်ပွဲများ၊ ကေအင်န်ယူ၊ DKBA စသောလက်နက်အဖွဲ့များ၏တိုက်ပွဲများကြားတွင် ဖြတ်သန်းခဲ့ရပြီးစစ်ဘေးစစ်ဒဏ် အပြင်းအထန် ခံစားရသည်။ ထို့ကြောင့်လည်း ကျေးရွာသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် အပိုင်းများတွင် တိုးတက်သင့်သလောက်မတိုးတက်ဘဲ ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးလျက်ရှိပါသည်။

ကျေးရွာတွင် ပညာရေးအပိုင်းအနေဖြင့်အတော်အားနည်းကာ ရှေးအခါက ဘုန်းကြီးကျောင်းနေရ သည့် အမျိုးသားတစ်ချို့သာအနည်းငယ်တတ်မြောက်ကြသည်။ ၁၉၉၄–ခုနှစ် DKBA ပေါ်လာပြီးနောက်ပိုင်း တွင်မှ ရွာဦးဆရာတော်မှဦးဆောင်ကာ ဘုန်းတော်ကြီးသင်ပညာရေးစတင်ဖွင့်လှစ်လာကာ ပညာရေးအခွင့် အလမ်းရရှိလာခဲ့သော်လည်း ရှေးယခင်ခံစားခဲ့ရသော စစ်ဘေးစစ်ဒဏ်များကြောင့် ကျေးရွာလူထုများက ပညာရေးကို စိတ်ဝင်စားမှုအားနည်းနေသည်။ ယခုအတွင်ပညာရေးကဏ္ဍအနေဖြင့် ဆရာတော်ဘုရားနှင့် လူထုများ၏ ပူးပေါင်းဦးဆောင်မှုဖြင့် မူလွန်(ဘက)ကျောင်းနှင့်အခြေခံပညာအလယ်တန်းကျောင်းများ တည် ရှိလာပြီးဖြစ်သော်လည်း ကျောင်းဆောင်နှင့်ကျောင်းပရိဘောဂများပြည့်စုံရန် များစွာလိုအပ်လျက်ရှိနေသေး သည်။ ကျေးရွာရှိကလေးများသည် အုပ်စုမူလွန်(ဘက)ကျောင်းနှင့်အခြေခံပညာအလယ်တန်းကျောင်းတို့ကို သွားရောက်ပညာသင်ယူကြသည်။

ကျေးရွာ၏ အဓိကအသက်မွေးကြောင်းအလုပ်အကိုင်မှာလယ်ယာလုပ်ငန်းဖြစ်သည်။ စားသောက်ရန်အတွက်သာဖြစ်ပြီး အပိုအလျှံဝင်ငွေရရောင်းချနိုင်ရန်မရှိသောကြောင့်ကျေးရွာရှိလူဦးရေအများစုသည် ထောင်ပေါ်တက်ထိုင်းနိုင်ငံတွင်သွားရောက်အလုပ်လုပ်ကြသည်။ ကျေးရွာတွင်ဝင်ငွေပုံမှန်ရသောအလုပ်အကိုင် မရှိခြင်း၊ ကျေးရွာထွက်အရင်းအမြစ်များအသုံးမချတတ်ခြင်း၊ ဈေးကွက်မရှိခြင်းမသိခြင်းတို့ကြောင့်အခက်အခဲများကြုံတွေ့ရကာ အဓိကထိုင်းနိုင်ငံကိုမှီခိုနေရသည်။ ကျေးရွာတွင်လူအများစုလယ်လုပ်ကြပြီး ဈေးရောင်းသူများလည်းအနည်းငယ်ရှိကာ တစ်ပိုင်တစ်နိုင်မွေးမြူရေးနှင့်စိုက်ပျိုးရေးလုပ်ကိုင်သူများလည်းရှိကြသည်။ ယခုနောက်ပိုင်းတွင် ရော်ဘာစိုက်ပျိုးသူအနည်းငယ်ရှိလာသော်လည်း ရော်ဘာဈေးကျခြင်းကြောင့် ဝင်ငွေရအောင်ရော်ဘာခြစ်အကောင်အထည်ဖော်မှုမရှိသလောက်ခြင်းတို့ကြောင့် ကျေးရွာလူထုအများစု စီးပွားရေးပြေလည်မှုမရှိသောအခက်အခဲကြုံတွေ့နေရပါသည်။

လမ်းပန်းဆက်သွယ်အပိုင်းအနေဖြင့် ၂၀၁၆–ခုနှစ်နောက်ပိုင်းအာရှလမ်းမဖော်လုပ်ခြင်းကြောင့် အဆင်ပြေချောမွေ့လာသော်လည်း ကျေးရွာတွင်းအစုလေးစုဆက်သွယ်ရန်မိုးတွင်းပိုင်းတွင် အဓိက အခက်အခဲကြုံတွေ့နေရသည်။ အထူးသဖြင့် ကျောင်းသူ/သားကလေးများစက်ဘီးဆိုင်ကယ်သွားများလာနိုင်ရန် ကိုပုံးလုံးစုနှင့်ထိမုန့်စုတို့တွင် လုံးဝသွားလာ၍မရသေးပေ။ လက်ရှိလယ်ကန်သင်းရိုးပေါ်တွင်သာသွားလာနေရသည်။ ကျေးရွာလူထုများမှလုပ်ဆောင်လိုသော်လည်း ဝင်ငွေအပိုအလျှံနည်းပါးခြင်းကြောင့် အကောင်အထည်ဖော်ရန်အခက်အခဲများကြုံတွေ့နေရသည်။

ကျန်းမာရေးအနေဖြင့် အုပ်စုဆေးခန်းကို အားထားမှီခိုနေရသည်။ တစ်ခါတစ်ရံဝန်ထမ်းဆရာ/မများမရှိသောအခက်အခဲများတော့ရှိသည်။ ထို့ပြင် ကျေးရွာလူထုများ၏ပညာရေးအားနည်း၍ ကျန်းမာရေးအသိပညာနည်းပါးသောကြောင့် ကာကွယ်ဆေးထိုးခြင်းများအခက်အခဲရှိနေသေးသည်။

ကျေးရွာတွင် အဓိကထိတွေ့နေရသောအဖွဲ့အစည်းများမှာ အစိုးရအုပ်ချုပ်ရေးအဖွဲ့၊ ကေအင်န်ယူ၊ ဘီဂျီအက်ဖ်၊ ငြိမ်းချမ်းရေးစသောအဖွဲ့များနှင့်ထိတွေ့ဆက်ဆံနေရသည်။


ကော့ကြားမကော်ကျေးရွာသည် ၂၀၁၀–ခုနှစ်နောက်ပိုင်းနယ်မြေအခြေအနေအေးချမ်းလာပြီးနောက် အာရှလမ်းမကြီးဖြစ်ထွန်းလာကာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာသောကျေးရွာတစ်ရွာဖြစ်သော်လည်း ပညာရေးအားနည်းခြင်း၊ ဝင်ငွေရသောအလုပ်အကိုင်ပုံမှန်မရှိ၍စားဝတ်နေရေးအဆင်မပြေခြင်း၊ ကျန်းမာရေးအသိပညာနည်းပါးခြင်း၊ ရှေးယခင်စစ်ဘေးစစ်ဒဏ်ကြောင့်ကြောက်ရွံ့စိတ်များရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းပါဝင်မှုမရှိခြင်းကြောင့်ကျန်းမာရေး၊ ပညာရေး၊လူမှုရေး၊လမ်းပန်းဆက်သွယ်ရေး၊စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းစသောကဏ္ဍဘက်ပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်လျက်ရှိသောကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား

| စဉ် | အသုံးပြုခဲ့သော PRA tools များ | ဦးတည်အုပ်စုများ | အစည်းအဝေး | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|
| | | | ကျား | မ | |
| ၁ | ကျေးရွာအရင်းအမြစ်ပြမြေပုံ (Social Map) | ရပ်မိရပ်ဖ၊ကော်မတီဝင်များ၊ ကျေးရွာလူထုများအားလုံး။ | ၁၅ | ၂၆ | အခြေခံအဆောက်အအုံများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေများ၊ကျေးရွာရှိသဘာဝအရင်းအမြစ်များ။ |
| ၂ | ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander) | ကော်မတီဝင်များ၊အမျိုးသား/ အမျိုးသမီး၊ဆင်းရဲနွမ်းပါးသူများ။ | ၁၅ | ၂၆ | စိုက်ပျိုးရိတ်သိမ်းကာလ(တောင်ယာ၊လယ်ယာ)၊စီးပွားရေးဝင်ငွေရရှိမှုပွဲတော်ချိန်များ၊ သီဥတုကျန်းမာရေးဆိုင်ရာရေရရှိမှု။ |
| ၃ | ဥစ္စာနေကြွယ်ဝမှုပြဇယား (Wealth Ranking) | ရှမ်းသား၊အလယ်အလတ်နွမ်းပါးသောအုပ်စုများ။ | ၁၅ | ၂၆ | ကျေးရွာလူမှုစီးပွားရေး အခြေအနေကိုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ် လူထုအားလုံးသဘောတူသတ်မှတ်ခြင်း။ |
| ၄ | ကျားမ ပင့်ကူအိမ်သုံးသပ်ခြင်း (Cob Web) | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီး များ။ | ၁၅ | ၂၆ | အမျိုးသားနှင့်အမျိုးသမီး များတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့် အကြောင်း အရင်းများကိုဖော်ထုတ် ဆွေးနွေးခြင်း။ |
| ၅ | အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping) | ကျေးရွာလူထုအားလုံး။ | ၁၅ | ၂၆ | ကျေးရွာရှိသဘာဝအရင်းအမြစ်များနှင့်လူမှုဆိုင်ရာအရင်း၊ အမြစ်များအားမည်သူကအသုံးပြုပြီးမည်သူက ထိန်းချုပ်ထားရှိခြင်း၊ |
| ၆ | အဖွဲ့အစည်းဆိုင်ဆက်မှုပြဇယား (Veen Diagram) | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်နေသည့်အဖွဲ့၊ကျေးရွာလူထု | ၁၅ | ၂၆ | ကျေးရွာအတွင်းရှိအဖွဲ့အစည်းများနှင့်မည်သော လုပ်ငန်းများအတွက်မည်သည့်အဖွဲ့များနှင့် ဆက်လုပ်ကိုင်ဆောင်ရွက်မှုရှိခြင်း။ |
| ၇ | ကျေးရွာအခြေခံအချက်အလက် (PC 1) | အမျိုးသား၊အမျိုးသမီးနှင့်ကျေး ရွာလူထုအားလုံး၊ | ၁၅ | ၂၆ | အိမ်ခြေလူဦးရေလူမျိုးဘာသာစသော ကျေးရွာ အခြေခံအချက်အလက်များ ဖော်ထုတ်ခြင်း။ |
| ၈ | အခက်အခဲများမျှော်မှန်းချက်များကျေးရွာဖွံ့ဖြိုးရေးဦး စားပေးလုပ်ငန်းများဖော်ထုတ်ခြင်း။ (PC 3) | အမျိုးသား၊အမျိုးသမီးနှင့်ကျေး ရွာလူထုအားလုံး၊ | ၁၅ | ၂၆ | ကျေးရွာတွင်းရင်ဆိုင်နေရသောအခက်အခဲများ၊ ကျေးရွာလူထု၏ မျှော်မှန်းချက်များ၊ ကျေးရွာဖွံ့ဖြိုးရေးအတွက်ဦးစားပေးလုပ်ငန်း များဖော်ထုတ်နိုင်ရန်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools တစ်ခုချင်းစီအတွက် သုံးသတ်ချက်များ

### ၁။ ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map)



## ယူမှုရေး အရင်းအမြစ်ပြ မြေပုံ

‹ဆွေးနွေး ခြင်း နှင့်ဆန်းစစ်ခြင်း›

မြို့နယ် - လှိုင်းတွဲ

ရက်စွဲ - ၂၅.၆.၂၀၁၉

ကျေးရွာအုပ်စု - ကြက်တူရွေး

ကျေးရွာ - ကော့ကြားမကော်

Δ ကျေးရွာတွင် ရှိသော အဓိကအရင်းအမြစ်မှာ လယ်ယာမြေများ ဖြစ်ပြီး ၎င်းတို့ဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုလုပ်ကြပါသည်။

Δ ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ယုံကြည်ကြပြီး အဓိပတောင်ရေမြောင်းရှေ့နေထိုင်သူများ မရှိပါ။


တိုးတက်ရန် လိုအပ်သောအချက်များ

- အစုချင်းဆက် ရွာတွင်းလမ်း ဖောက်လုပ်ရန်လိုအပ်ခြင်း
- ရွာတွင်းစကြိုလမ်း စနစ်တကျ ပြုပြင်ရန် လိုအပ်ခြင်း
- လမ်းမီးနှင့် ရွာတွင်း မီးများ လိုအပ်ခြင်း
- နေ့စဉ်ဝင်ငွေရ အလုပ်အကိုင်အတည်တကျ ရှိရန် လိုအပ်ခြင်း

ပါဝင်ဆွေးနွေးသူ - ကျား (၁၅) ဦး

မ (၂၆) ဦး

## ၂။ ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander)



## ရှာဖွေခြင်းမှ ပြဿနာ

(ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း)

မြို့နယ် - လှိုင်းဘွဲ့
ရက်စွဲ - ၂၅.၆.၂၀၁၉

ကျေးရွာအုပ်စု - ကြက်တူရွေး
ကျေးရွာ - ကော့ကြားမကောက်

△ ကျေးရွာတွင် လယ်ယာလုပ်ငန်းကိုအဓိကထား စိုက်ပျိုး လုပ်ကိုင်ကြပါသည်။

△ တပေါင်း၊ တန်ခူး လတွင် ရေခမ်းခြောက်ပြီး သောက်သုံးရေ ရှားပါးပါသည်။

△ လယ်ယာလုပ်ငန်းဖြင့် အသက်မွေး ဝမ်းကြောင်းပြုလုပ်ကြ၍ စိုက်ပျိုးထွန်ယက်ခြင်း၊ ကောက်စိုက်သိမ်းခြင်း၊ လယ်ယာမြေ ပြုပြင်ပေါင်းနုတ်ခြင်း စသည့်တို့ကို တစ်နှစ်ပါတ်လုံး ပြုလုပ်ကြသည့် အပြင် တောတွင်းတောင်ပေါ်၌လည်း မှိုရှာ၊ မျှစ်ချိုး၊ ဖက်ခူးရှာခြင်းများလည်း လုပ်ကိုင်ကြသောကြောင့် အားလပ်ချိန် နည်းပါးသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၁၅) ဦး၊
မ (၂၆) ဦး၊

## ၃။ ဥစ္စာဓနကြွယ်ဝမှုပြဇယား (Wealth Ranking)

မြို့နယ်-လှိုင်းဘွဲ့ ဥစ္စာဓနကြွယ်ဝမှုပြဇယား ကျေးရွာအုပ်စု-ကြက်တူရွေး

ရက်စွဲ - ၂၅.၆.၂၀၁၉ ကျေးရွာ - ကော့ကြားမကောက်

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည်သော အုပ်စု | လယ်(၃ ဧက)၊ နွား၊ TV၊ စလောင်း၊ ဆိုင်ကယ်၊ ကြက်၊ ဝက်၊ စက်ဘီး၊ ကား၊ ထွန်စက်၊ ဆန်စက်၊ ထော်လာဂျီ၊ သစ်အိမ် (သွပ်မိုး) | ၁၂ | ၂၀% |
| အလယ်အလတ် အုပ်စု | လယ်(၂ ဧက)၊ ဆိုင်ကယ်၊ နွား၊ ကြက်၊ ဝက်၊ ကျွဲ၊ သစ်အိမ် (သွပ်မိုး)၊ TV | ၃၈ | ၆၇% |
| မပြေလည်သော အုပ်စု | ကြက်၊ ဝက်၊ ဆိတ်၊ စက်ဘီး၊ ဖက်မိုးအိမ် | ၇ | ၁၂% |
| စုစုပေါင်း | | ၅၇ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ - ကျား (၁၅) ဦး ၊ မ (၂၆) ဦး

## ဥစ္စာဓနကြွယ်ဝမှုပြဿနာ

<ဆွေးနွေးခြင်း၊ နှင့် ဆန်းစစ်ခြင်း>

မြို့နယ် - လှိုင်းတွဲ

ရက်စွဲ - ၂၅.၆.၂၀၁၉

ကျေးရွာအုပ်စု - ကြက်တူရွေး


ကျေးရွာ - ကော့ကြားမကောက်

△ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၅၇) စုရှိ၍ မပြေလည်သော အိမ်ထောင်စု (၇) စုရှိသည်

△ မပြေလည်သော အကြောင်းမှာ လယ်ယာမြေမရှိ၍ နေ့စားအလုပ်၊ ရာသီအလိုက်
အလုပ်အကိုင်များသာရှိ
မိုးရွာ၊ ဟားရွာ၊ တောထဲတွင် ဖက်ရှက်သွားရာခြင်း စသည့် အလုပ်အကိုင်အတည်တကျမရှိသည့်အပြင် ပုံမှန်ဝင်ငွေလည်းမရှိပါ။
သောကြောင့်

ပါဝင်ဆွေးနွေးသူ - ကျား (၁၅) ဦး
မ (၂၆) ဦး

## ၄။ ကျားမ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web)



## ပင့်ကူအိမ်သုံးသပ်ခြင်း

〈ဆွေးနွေးခြင်း နှင့်သုံးသပ်စစ်ခြင်း〉

မြို့နယ် - လှိုင်းတွဲ  ကျေးရွာအုပ်စု - ကြက်တူရွေး


ရက်စွဲ - ၂၅.၆.၂၀၁၉  ကျေးရွာ - ကော့ကြားမကော်


△ ကျေးရွာတွင် အမျိုးသားများက ရပ်ရေးရွာရေးတွင် ဦးဆောင်မှုရှိပြီး ဆုံးဖြတ်ချက်ချရာ၌ အမျိုးသား၊ အမျိုးသမီး တန်းတူ ပါဝင်ဆုံးဖြတ်ကြသည်။

△ အိမ်မှုကိစ္စများကို အမျိုးသမီးများက ဦးဆောင်ပြီး အမျိုးသားများက အိမ်ပြင် ထွက်အလုပ်လုပ်ခြင်းဖြင့် ဝင်ငွေရှာ၍ ထောက်ပံ့ကြသည်။

△ ကျေးရွာတွင် အမျိုးသမီး၊ အမျိုးသား အသိပညာပေး ဆွေးနွေးပွဲများ၊ အမျိုးသမီး များအတွက် လုပ်ပိုင်ခွင့်နှင့် လုပ်အားခများ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်ရာတွင် လက်တွဲ ဝိုင်းကူညီနိုင်မည်။

ပါဝင်ဆွေးနွေးသူ - ကျား ( ၁၅ ) ဦး
မ ( ၂၆ ) ဦး


အရင်းအမြစ်သုံးစွဲမှုပြဇယား
ကျား
မ
ကျား + မ
ယက္ကန်း
အပ်ချုပ်စက်
တံတား
ကား
ဆိုင်ကယ်



အရင်းအမြစ်ထိန်းချုပ်မှုပြဇယား
ကျေးရွာအုပ်စု - ကြက်တူရွေး
မြို့နယ် - လှိုင်းဘွဲ
ကျေးရွာ - ကော့ကြားမကော်
ရက်စွဲ - ၂၅.၆.၂၀၁၉
ကျား
မ
ကျား + မ
မီးစက်
တံတား
လမ်း
ထယ်ထွန်စက်
ယက္ကန်း
အပ်ချုပ်စက်
ကား
ဆိုင်ကယ်
လယ်ကွင်း
နွား
ပါဝင်ဆွေးနွေးသူ - ကျား ( ၁၅ ) ဦး
မ ( ၂၆ ) ဦး

## ပိုင်ဆိုင်မှုသုံးသပ်ခြင်း

‹ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း›

မြို့နယ် - လှိုင်းတွဲ  ကျေးရွာအုပ်စု - ကြက်တူရွေး

ရက်စွဲ - ၂၅-၆-၂၀၁၉  ကျေးရွာ - ကော့ကြားမကော်

△ လယ်ထွန်စက်နှင့်ဓါးစက်ကို အမျိုးသားများ အသုံးပြုကြပြီး အပ်ချုပ်စက် နှင့် ယက်ကန်း ကို အမျိုးသမီးများသာ အသုံးပြုကြပါသည်။

△ လမ်း၊ တံတား၊ ကား၊ ဆိုင်ကယ်၊ နွား၊ လယ်ယာမြေများကို သူ့ကညာနှင့်သူ အသုံးပြု ကြပြီး သာတူညီမျှ ထိန်းသိမ်းစောင့်ရှောက်ကြပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၁၅) ဦး
မ (၂၆) ဦး

## ၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram)




အဖွဲ့အစည်း ချိတ်ဆက်မှုပြ ဗင်းပုံ
ကျေးရွာအုပ်စု - ကြက်တူရွေး
ကျေးရွာ - ကော့ကြားမကော်
မြို့နယ် - လှိုင်းဘွဲ
ရက်စွဲ - ၂၅.၆.၂၀၁၉
မြို့နယ် အုပ်ချုပ်ရေးအဖွဲ့
KNU
မြို့နယ် ကျန်းမာရေး
အုပ်ချုပ်ရေး အဖွဲ့
ဂေါပက အဖွဲ့
ကျောင်း ကော်မတီ အဖွဲ့
ကျေးရွာပြည်သူ
BGF
PC
ပါဝင်ဆွေးနွေးသူ - ကျား ( ၁၅ ) ဦး
မ ( ၂၆ ) ဦး

## အဖွဲ့အစည်း ချိတ်ဆက်မှုပြဇယား

<ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း>

မြို့နယ် - လှိုင်းတွဲ
ရက်စွဲ - ၂၅.၆.၂၀၁၉

ကျေးရွာအုပ်စု - ကြက်တူရွေး
ကျေးရွာ - ကော့ကြားမကော်

- ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေး [illegible] ၊ ပညာရေးမှူးရုံး၊ ကျေးလက်ဦးစီးဌာန၊ လက်နက်ကိုင်တပ်ဖွဲ့များ တို့နှင့် ချိတ်ဆက်မှုပြုလုပ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဦးဆောင်သည်။
- ကျောင်းကော်မတီအဖွဲ့သည် အုပ်စုကျောင်းတွင် ကျောင်းပညာရေးတိုးတက်မှုကို ဦးဆောင်ကြပြီး ဂေါပကအဖွဲ့သည် ဘာသာရေး၊ နာရေးတွင် အဓိကဦးဆောင်ကြပါသည်။
- CDD ကော်မတီအဖွဲ့ကို ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းပြီး ကျေးရွာလူထုနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ရေးဆွဲဆောင်ရွက်ကြသည်။

ပါဝင်ဆွေးနွေးသူ - ကျား၊ (၁၅) ဦး
မ (၂၆) ဦး

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း

ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့

ကျေးရွာ တော့ကြားမကော် ကျေးရွာအုပ်စု ကြက်တူရွေး

| စဉ် | အမည် | ရာထူး/တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|
| ၁ | ဦးစောတင်ရွှေ | ကျေးရွာစီမံဆောင်ရွက်ကော်မတီ | 09791565861 |
| ၂ | ဒေါ်နံ့ကိုင်ဒိုး | ကျေးရွာစီမံဆောင်ရွက်ကော်မတီ | |
| ၃ | ဒေါ်မူကြည်လင်း | ဝယ်ယူရေးဆပ်ကော်မတီ | 09426925569 |
| ၄ | ဦးဖါလင်း | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၅ | ဦးဖိုးဒွေး | ပစ္စည်းပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၆ | ဒေါ်နံ့ကေ | ပစ္စည်းပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၇ | ဦးမောင်ငြိမ်းရွှေ | ကျေးရွာဘဏ္ဍာရေး၊ စာရေး | 09784777199 |
| ၈ | ဒေါ်မမြဒွေး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၉ | ဦးစောခုနီးဖေ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၁၀ | ဒေါ်ခင်မဝင်း | စောင့်ကြည့်ကြီးကြပ်ရေး၊ ဆပ်ကော်မတီ | |
| ၁၁ | ဒေါ်မတင်မေ | ဝေဖန်အကြံပြုကိုယ်စားလှယ် | |
| ၁၂ | ဦးကျော်ဝင်း | ဝေဖန်အကြံပြုကိုယ်စားလှယ် | 09425883589 |
| ၁၃ | နန်းမိမွေးမွေး | ကျေးရွာစေတနာ့ဝန်ထမ်း | |
| ၁၄ | စောအောင်ငွေးဝင်း | ကျေးရွာစေတနာ့ဝန်ထမ်း | |
| | | | |





### ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လုထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အ ည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လုထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လုထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လုထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| ဦးကျော်ဝင်း | 09766873680 | နန်းနှင်းနုနုဝေမျှ |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကရင် | လှိုင်းဘွဲ့ | ကြက်ဝဥမှေး | ကော့ကြား မကော် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ပိုးကရင် | ၄၇ | ဘာသာ(၁) ဗုဒ္ဓ | ၄၇ |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော------------- | | ဘာသာရော----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၀ ဦး | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)-ပိုးကရင် | ၁၄၂ ဦး | ၁၅၀ ဦး | ၂၉၂ ဦး |
| လူမျိုးစု (၂)---------- | | | |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၅၂ ဦး | ၅ ဦး | ၅၇ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အ... |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း (ကတ္တရာလမ်း) ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် 2015 /မသိပါ (ADRA Myanmar)

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှဒေသကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁ ----/မသိပါ

(၂) ဤကျေးရွာမှ ဒေသကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၅ မိနစ် ----ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန် ---၁၅ မိနစ် ------------ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖေါ်ပြပါ--------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမဝင်ခင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -------မရှိပါ-------------------

(၂) --------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးကျော်ဝင်း

လက်မှတ် [signature] နေ့စွဲ 22.5.2019

လူထုစည်းရုံးရေးမှူး အမည် နန်းနှင်းနုနုဖြူ

လက်မှတ် [signature] နေ့စွဲ 22.5.2019

## ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(PC 2)

ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤပုံစံကိုဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - နန်းနွံ၊ နန်းဖွေ၊ (CF) ၊ မဝတ်ရည်ခိုင် (TF)

နေ့စွဲ ၂၅.၆.၂၀၂၄

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ကရင် | မြို့နယ် လှိုင်းဘွဲ့ | ကျေးရွာအုပ်စု ကြာအင်းဆိပ်ကြီး | ကျေးရွာ ကော့ကြားမကောက်

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၅.၆.၂၀၂၄ | ၂၅.၆.၂၀၂၄ | ၁၅ | ၂၆ | ၄၁ | ပိုးကရင် ၊ ၄၁ | ၅၇ | ၇၂% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | ၂၅.၆.၂၀၂၄ | ၂၅.၆.၂၀၂၄ | ၁၅ | ၂၆ | ၄၁ | ပိုးကရင် ၊ ၄၁ | ၅၇ | ၇၂% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | | | | | | | | |
| ၄။ မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ | | | မလို | မလို | မလို | မလို | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3)

### ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ ၂၅.၆.၂၀၁၉ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကရင် | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| မိုးရာသီတွင် [illegible] သွားလာရခက်ခဲခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| နွေရာသီတွင်ရေရှားပါး၍ သောက်သုံးရေ မလုံလောက်ခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| [illegible]လမ်းသည် မိုးရာသီတွင် [illegible] သွားလာရခက်ခဲခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| လမ်းမီးမရှိ၍ ညအချိန်သွားလာရခက်ခဲခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| စိုက်ပျိုးရေးနည်းပညာ အသိနည်းခြင်း | ☑ ကျား ☐ မ ☐ ကျား + မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ကျေးရွာလမ်းများကောင်းမွန်လာပြီး မိုးရာသီရောက်တိုင်း အဆင်ပြေချောမွေ့စွာ သွားလာရ အဆင်ပြေစေမည် | ☐ ကျား ☐ မ ☑ ကျား + မ |
| [illegible] ရရှိပြီး နွေရာသီရောက်တိုင်း ရေအလုံအလောက် သုံးစွဲရမည် | ☐ ကျား ☐ မ ☑ ကျား + မ |
| လမ်းမီးရှိသောကြောင့် ညအချိန် အန္တရာယ်ကင်းစွာ သွားလာရမည် | ☐ ကျား ☐ မ ☑ ကျား + မ |
| စိုက်ပျိုးရေးနည်းပညာများ သိရှိလာခြင်းကြောင့် အလုပ်အကိုင် အဆင်ပြေလာပြီး ပုံမှန်ဝင်ငွေ ရရှိလာမည် | ☑ ကျား ☐ မ ☐ ကျား + မ |
| | ☐ ကျား ☐ မ ☐ ကျား + မ |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3)

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | အစုချင်းဆက်ကွန်ကရစ်[illegible] (6 ဖာလုံ ×18'×1') | အမျိုးသား+အမျိုးသမီး | [illegible] | 192 သိန်း | ၁၄၂ | ၁၅၀ | ၂၉၂ |
| ၂ | ရေလှောင်ကန် (1200') | အမျိုးသား+အမျိုးသမီး | [illegible] | 75 သိန်း | ၁၄၂ | ၁၅၀ | ၂၉၂ |
| ၃ | [illegible] (800'×18'×1') | အမျိုးသား+အမျိုးသမီး | [illegible] | 48 သိန်း | ၁၄၂ | ၁၅၀ | ၂၉၂ |
| ၄ | လမ်းမီးလင်းရေး (ဆိုလာ) (10 လုံး) | အမျိုးသား+အမျိုးသမီး | [illegible] | 20 သိန်း | ၁၄၂ | ၁၅၀ | ၂၉၂ |
| ၅ | | | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်မွေး သင်တန်း | အမျိုးသား | စိုက်/မွေးမြူရေး |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ဦးကျော်ဝင်း လက်မှတ် [signature] နေ့စွဲ ၁၅ · ၆ · ၂၀၁၉

## ၁၁။ အစည်းဝေးမှတ်တမ်းများ

### အစည်းအဝေးမှတ်တမ်း

ကျေးရွာအမည် - ကော့ကြားမကော်

ကျေးရွာအုပ်စုအမည် - ကြက်တူရွေး

အချိန်/နေ့စွဲ - ၂၅. ၆. ၂၀၁၉

နေရာ - ဦးကျော်ဝင်းနေအိမ်

အစည်းအဝေးပြုလုပ်ရခြင်းအကြောင်းအရာ - ယာယီမနေ့ကြိုဖို့နှင့်နည်းသိသာကြိမ် ကျေးရွာအစည်းအဝေး

ဆွေးနွေးချက်နှင့် ဆုံးဖြတ်ချက်

အစည်းအဝေးတက်ရောက်လာသူများကို PC-11 ကြိုဆိုပါသည်။ အစည်းအဝေး ပြုလုပ်ရသည့် ရည်ရွယ်ချက်အား လူထုစည်းရုံးရေးမှူး နန်းနွံ့ နုနုမွေ့ မှ ရှင်းလင်း တင်ပြပေးပါသည်။ ပြီးနောက် လက်တွေ့ကွင်းဆင်းပညာရှင်များ ဖော်ထုတ်ရည်ရွယ်ချက်မှ မိတ်ဆက် ခြင်း၊ ရာအိမ်မှူး ဦးကျော်ဝင်းမှ အဖွင့်အမှာစကား ပြောကြားပါသည်။

စီမံကိန်း မိတ်ဆက် (၁၅) ချက်ကို ကျေးရွာလူထုနှင့်အတူ လူထုစည်းရုံးရေး မှူး မှ အပြန်အလှန် ဆွေးနွေး ဖလှယ်ကြပါသည်။ စီမံကိန်းစက်ဝန်း အကြောင်း၊ ဝေမျှအကြံပြုစနစ်ကိုမှတ်၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းပြပြီး စေတနာ့ဝန်ထမ်းနှစ်ဦးမှ အချိန်ပြည့်သားကို ဆောင်ရွက်ပေး၊ ဝင်ငွေအား ပြန်လည်ရှင်း ချယ်ခဲ့ပါသည်။

ထို့နောက် လူမှုအခြေပြုစစ်တမ်းကောက်ခြင်း (PRA Tools) များကို ကျေးရွာလူထုနှင့်

အတူ ပြန်လည်အတည်ပြု ဆွေးနွေးကြပါသည်။ ပဋိပက္ခ အင်အားသုံးသပ်ခြင်းကိုမူ အမျိုး သား၊ အမျိုးသမီး နှစ်ဖွဲ့ခွဲကာ ပြန်လည်ဆွေးနွေးကြပါသည်။

ပြီးနောက် လက်တွေ့ကွင်းဆင်း ပညာမျိုးမှ ကျေးရွာလူထုထံ ပါဝင်ပြီး ရလာသော အချက်အလက်၊ မြေပုံများနှင့် ဦးစားပေးလုပ်ငန်းစဉ်များကို ပြန်လည် ဆွေးနွေး အတည်ပြုပါသည်။ ဦးစားပေးလုပ်ငန်းစဉ်များ ရွေးချယ်ရာတွင်လည်း အမျိုးသမီးများ ရွေးချယ်မှုဖြင့် ပါဝင်လာစေရန် လူထုစည်းရုံး များ မှဆောင်ရွက်ပေးပါသည်။

ကျေးရွာကော်မတီဝင်များ ပါဝင်ဆောင်ရွက်ရန်၊ တာဝန်ရှိ အချက်များကို လူထု စည်းရုံးရေးမှူး မှ ရှင်းလင်းဖတ်ကြားပြီး ယာခင်းဖွဲ့ စည်းထားသော ကော်မတီဝင် များအား ပြန်လည်အတည်ပြု ရွေးချယ်ရာ ယာခင်းဖွဲ့စည်းမှု အတိုင်း ပင်ဆက် များအား ပြန်လည်အတည်ပြု ရွေးချယ်ရာ သဘောတူညီကြပါသည်။ ပြီး လက်မှတ်ထိုး၊ ဆောင်ရွက်ရန် ကော်မတီဝင်အားလုံး သဘောတူ နောက်ဆုံး အစည်းအဝေးအား စီစဉ်ပေးသူမှ ကျေးဇူးတင်စကား ပြောကြားရင်း ရုတ်သိမ်းခဲ့ပါသည်။

မှတ်တမ်းပြုစုသူ - အမည် - နန်းနှင်းနုနုမွေ လက်မှတ်- နေ့ရက်- ၂၅.၆.၂၀၁၉

အတည်ပြုသူ - အမည် - ဦးစောတာမင်း လက်မှတ်- နေ့ရက်- ၂၅.၆.၂၀၁၉

## ၁၂။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ (အမှန်ခြစ်ရန်) | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အဦးကဏ္ဍ (လမ်း/တံတား/ရေရရှိရေး/မီးလင်းရေး) | ၁ | အစုချင်းဆက်ရွာ တွင်းမြေနီလမ်း | | | √ | ၂၀၂၀ | CDD&DRD | |
| | ၂ | ရေလှောင်ကန် | | | √ | ၂၀၂၁ | CDD&DRD | |
| | ၃ | ရွာတွင်းစကြံနံလမ်း ပြုပြင်ခြင်း | | | √ | ၂၀၂၂ | DRD | |
| | ၄ | လမ်းမီးလင်းရေး (ဆိုလာ) | | | √ | ၂၀၂၃ | DRD | |
| | ၅ | | | | | | | |
| လူမှုစီးပွားရေးကဏ္ဍ (ပညာရေး/ကျန်းမာရေးနှင့် ဆိုင်သော အဆောက်အဦးများနှင့် အခြားလိုအပ်ချက်များ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သက်မွေးဝမ်းကြောင်းကဏ္ဍ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆိုင်သော အဆောက်အဦးများနှင့် အခြားလိုအပ်ချက်များ) | ၁ | စိုက်မွေးသင်တန်း | √ | | | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ် လျော့ပါးရေး ကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြားကဏ္ဍ (ဌာနဆိုင်ရာများသို့ လွှဲပြောင်းနိုင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော လုပ်ငန်းများ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |